# ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၅) ရက်နေ့၌ Online မှတစ်ဆင့်ကျင်းပခဲ့သည့် နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေးမှတ်တမ်း

## ၁။ ရည်ရွယ်ချက်

(၂၉) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ အစည်းအဝေး၌ EITI အကောင်အထည်ဖော်ဆောင်မှုနှင့်ပတ်သက်၍ ဘုံရည်မှန်းချက်များ၊ ရလဒ်နှင့် အကျိုးသက်ရောက် မှုများ၊ Key Performance Indicator များအား Technical and Reporting Sub-committee တွင် တက်ကြွစွာဆွေးနွေးချမှတ်ရန်၊ Technical and Reporting Sub-committee မှ စုံလင်စွာ တက်ရောက်ရန်၊ ၅-၈-၂၀၂၀ ရက်နေ့တွင် EITI Impact and outcome assessement နှင့် key performance များအား ဆွေးနွေးရန်၊ ၆-၈-၂၀၂၀ ရက်နေ့တွင် Final Inception Report for 1st MEITI Commodity Trading Report အား ဆွေးနွေးရန်၊ လူချင်းတွေ့ဆုံရန် အဆင်မပြေပါက အွန်လိုင်းမှ အစည်းအဝေးတက်ရောက်နိုင်ရန်အတွက် ညှိနှိုင်း ဆောင်ရွက်ရန် နှင့် EITI Impact and outcome assessement နှင့် key performance နှင့်ပတ်သက်၍ ရရှိလာသည့် ဆွေးနွေးသဘောတူညီချက် များအား MEITI ချန်ပီယံထံ ဆက်လက်တင်ပြ၍ အတည်ပြုတရားဝင် ဖြစ်စေရန်အတွက် ဆက်လက် လုပ်ဆောင်ရန်ဟု ဆွေးနွေးဆုံးဖြတ်ခဲ့ပါသည်။

အဆိုပါဆုံးဖြတ်ချက်အရ Final Inception Report for 1st MEITI Commodity Trading Report အား ဆွေးနွေးရန်၊ Project level Reporting နှင့်ပတ်သက်၍ ဆွေးနွေးရန်၊ Standard Reporting template နှင့်ပတ်သက်၍ ဆွေးနွေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့သည်။

## ၂။ အစည်းအဝေးတက်ရောက်သူများစာရင်း

အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ် (၃) ဦး၊ လုပ်ငန်းရှင်ကိုယ်စားလှယ် (၃) ဦး၊ အရပ်ဘက်ကိုယ်စားလှယ် (၂) ဦး၊ MOBD မှ (၃) ဦး၊ ဖိတ်ကြားထားသည့်ဌာနများမှ (၆) ဦး၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများမှ (၃) ဦး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ (၁၀) ဦး စသဖြင့် စုစုပေါင်း (၃၀) ဦးခန့် တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတက်ရောက်သူစာရင်းအသေးစိတ်အား နောက်ဆက်တွဲ (၁) တွင် ပူးတွဲ ဖော်ပြအပ်ပါသည်။

## ၃။ ပထမအကြိမ် MEITI Commodity Trading Report အတွက် အပြီးသတ် Inception Report အား ဆွေးနွေးခြင်း

နည်းပညာညှိနှိုင်းရေးတာဝန်ခံက တင်ပြရာ၌ အစီရင်ခံစာအတွက် စာတမ်းစာတမ်းများတင်ပြရာ၌ အကန့်အသတ်များစွာရှိကြောင်း၊ IA အနေဖြင့် ဧပြီလမှစ၍ စာချုပ်ချုပ်ဆို၍ စတင်ဆောင်ရွက်သော်လည်း အမှန်တကယ် ဒေတာများ စတင်ကောက်နိုင်သည်မှာ ၂၀၂၀ ပြည့်နှစ်၊ မေလလယ်မှသာ စတင်

နိုင်ကြောင်း၊ MOGE ထံမှ ရေနံနှင့်သဘာဝဓါတ်ငွေ့စာချုပ်များနှင့် Buyers/traders ရွေးချယ်သည့်အခါ လေ့လံခေါ်ယူ ဆောင်ရွက်သည့်လုပ်ငန်းစဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ မရရှိထားကြောင်း၊

ရေနံနှင့်သဘာဝဓါတ်ငွေ့တင်ဒါလျှောက်ထားသည့် လျှောက်ထားသူများအား အကဲဖြတ်ရွေးချယ်သည့် နည်းပညာနှင့်ဘဏ္ဍာဆိုင်ရာ သတ်မှတ်ချက်များ (Criteria) ၊ Buyers များကို ခွဲဝေပေးသည့် ရေနံဆီအချိုးများအတွက် လမ်းညွှန်ချက်/နည်းလမ်းများ စသည့် စာရွက်စာတမ်းများလည်း မရရှိသေးကြောင်း၊ ၁၉၃၇ ရေနံနှင့်သဘာဝဓါတ်ငွေ့ထုတ်ကုန်နည်းဥပဒေကလွဲ ဥပဒေဆိုင်ရာစာရွက်စာတမ်းများ ရရှိခြင်း မရှိသေးကြောင်း၊

ပြီးခဲ့သည့် နည်းပညာနှင့်အစီရင်ခံစာအစည်းအဝေးဆုံးဖြတ်ချက်အရ Commodity Trading Report အတွက် Zero Threshold ဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်သဖြင့် YCDC အပါအဝင် MOPFI လက်အောက်မှ စက်ရုံများလည်း ပါဝင်လာခဲ့ကြောင်း၊

လုပ်ငန်းနယ်ပယ်၌ EPGE သည် ဓါတ်ငွေ့ရောင်းချမှုပမာဏနှင့် Revenues အရ ၉၂.၅ ရာခိုင်နှုန်း ဖြင့် အများဆုံး ပါဝင်ကြောင်း၊ ၎င်းနောက်တွင်မှ MEC, MOPFI, MPE နှင့်အခြားကုမ္ပဏီများက အစဉ်လိုက် အများဆုံးဖြစ်ကြောင်း၊ ကုမ္ပဏီများအနေဖြင့် ၉၉ ရာခိုင်နှုန်းသော ဓါတ်ငွေ့ကို MOGE ထံကသာ ဝယ်ယူထားကြောင်း၊

ရေနံအရောင်း၌ ရေနံချောင်း၊ မန်း၊ ချောက်၊ ထောက်လျှာပင်၊ လက်ပံဒို၊ မအူပင် (တောင်) ၊ ညောင်တုန်း၊ သာကြီးတောင်၊ ပြည်၊ ရွှေပြည်သာ၊ လမ်းရွာ၊ မြန်အောင်၊ ကျောက်ခွက်၊ ရေနံမ၊ စပယ်၊ ဒဟတ်ပင်၊ အပြောက်၊ လူထုတွင်စာ၊ ပထိုလုံး စသည့် စီမံကိန်းများမှ ရောင်းချပြီး MOGE ၏ အစီရင်ခံမှုအရ အားလုံးသည် မြန်မာ့ရေနံ ဓါတုဗေဒလုပ်ငန်းမှပိုင်ဆိုင်သည့် DPGN သန့်စင်စက်ဖြင့် သန့်စင် ဆောင်ရွက်ကြောင်း၊

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ ဆုံးဖြတ်ချက်အရ ဓါတ်ငွေ့ဝယ်သည့် ကုမ္ပဏီ/အဖွဲ့အစည်းအားလုံး ပါဝင်ရမည် ဖြစ်သဖြင့် ဓါတ်ငွေ့ဝယ်ယူမှုအားလုံး၏ ဝယ်ယူမှုတန်ဖိုးသည် ၁,၀၆၄,၂၇၉,၇၇၄,၃၀၈ မြန်မာကျပ်ဖြစ်ကြောင်း၊ ရေနံအရောင်းသည် MOGE မှရောင်းသည့် ပမာဏအားလုံးဝယ်ယူသည့် TBGN သန့်စင်စက်ဖြစ်သဖြင့် ကုမ္ပဏီများ ၏ ရေနံအရောင်းအား တိုက်ဆိုင်စစ်ဆေးသည့်အခါ ရရှိနိုင်မည် ဖြစ်ကြောင်း၊

ရောင်းချသူအနေဖြင့် SOE ဖြစ်သည့် MOGE ထံသို့ Reporting Template ပို့ထားကြောင်း၊ ဝယ်ယူသူအနေဖြင့် Materiality Threshold အရ စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနယ်ပယ်တွင် ပါဝင်သင့်သည့်ကုမ္ပဏီများအား ဖော်ပြထားကြောင်း၊

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: communication@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

Reporting template ဖြည့်သွင်းသည့်အခါ၌ ၁-၄-၂၀၁၇ မှ ၃၁-၃-၂၀၁၈ အထိ ကာလ ပေးချေမှုများ ပါဝင်မည်ဖြစ်ကြောင်း၊ တိုက်ဆိုင်မှုကာလပြင်ပနှင့် ကာလအတွင်းဖြစ်သော်လည်း အမှန်တကယ် မပေးချေရသေးသည့် ဒေတာများအား မထည့်သွင်းကြောင်း၊

ဒေတာအရည်အသွေးနှင့်ပတ်သက်၍ ဝယ်ယူသူအပိုင်း၌ Reporting Template တွင် ကုမ္ပဏီ၏ အမှုဆောင်အရာရှိ သို့မဟုတ် အမှုဆောင်ဒါရိုက်တာ၊ ဘဏ္ဍာရေးတာဝန်ခံက လက်မှတ်ရေးထိုး၍ တင်ပြရမည်ဖြစ်ကြောင်း၊ အသေးစိတ်ပေးချေမှုများအား အစီရင်ခံရမည်ဖြစ်ကြောင်း၊ စာရင်းစစ် အစီရင်ခံစာမိတ္တူပါ ပါရှိရမည်ဖြစ်ပြီး သို့မှသာ နိုင်ငံတကာစာရင်းစစ်စံနှုန်းနှင့်အညီ ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ရောင်းချသူအပိုင်း၌ အစိုးရ အဖွဲ့အစည်း၏ တာဝန်ခံနိုင်သည့်ပုဂ္ဂိုလ်က လက်မှတ်ရေးထိုး တင်ပြရမည်ဖြစ်ကြောင်း၊ အသေးစိတ် ပေးချေမှုများ ပါဝင်ရမည်ဖြစ်ပြီး ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး (OAG) ၏ အတည်ပြုစိစစ်မှုလည်း ပါရမည်ဖြစ်ကြောင်း၊

Reporting Template များအား OAG မှအတည်ပြုပေးနိုင်ရန်အတွက် OAG နှင့်ချိတ်ဆက်ရမည်ဖြစ်ကြောင်း၊ ဌာနများအနေဖြင့် Reporting Template ဖြည့်သွင်းဆောင်ရွက်နိုင်ရန် တာဝန်ခံ တစ်ယောက်ကို တာဝန် သတ်မှတ်ပေးသင့်ကြောင်း၊ ပေးချေမှုများအား မူရင်းပေးချေမှု ယူနစ်အတိုင်းသာ ဖြည့်သွင်းပေးရမည်ဖြစ်ကြောင်း၊ မြန်မာငွေကျပ်ဖြစ်ပါက မြန်မာငွေကျပ် အတိုင်းဖြည့်သွင်းပြီး USD ဆိုပါက USD အတိုင်းသာ ဖြည့်သွင်းရမည် ဖြစ်ကြောင်း၊

Reporting timeline နှင့်ပတ်သက်ပြီး inception report မူကြမ်းအား ဇွန်လ (၁၆) ရက်နေ့၊ မှတ်ချက်များ ရယူခြင်းနှင့် Template များ စုဆောင်းခြင်းအား ဇွန်လ (၂၆) မှ ဇူလိုင် (၁၃) ရက်နေ့အထိ လည်းကောင်း၊ Reconciliation Report အား ဇူလိုင် (၁၃) ရက်မှ ဩဂုတ် (၂၃) အထိ ပြုစုပြီး ဩဂုတ်လ (၂၃) ရက်နေ့၌ မူကြမ်းတင်ပြမည်ဖြစ်ပြီး ဩဂုတ်လ (၂၃-၃၀) အထိ အဆိုပါမူကြမ်းအပေါ် မှတ်ချက်များရယူမည်ဖြစ်ကြောင်း၊ စက်တင်ဘာလ (၇) ရက်နေ့၌ အပြီးသတ်အစီရင်ခံစာ တင်ပြမည်ဖြစ်ကြောင်း စသဖြင့် တင်ပြခဲ့သည်။

ထို့နောက် ၎င်းက IA အနေဖြင့် Deadline အား ထပ်မံတိုးမြင့်ထားကြောင်း၊ MOGE အနေဖြင့် အရင်က Onshore နှင့်ပတ်သက်ပြီး ဒေတာတောင်းစဉ်က မပါခဲ့ကြောင်း။ သို့သော် ဒေတာပို့သည့်အခါ MOGE က ထည့်သွင်း ဖော်ပြခဲ့သဖြင့် Template တွင် ပြန်လည်ပြင်ဆင်၍ ပေးပို့ထားကြောင်း စသဖြင့်တင်ပြခဲ့သည်။

**၄။ ကုမ္ပဏီများမှ Reporting Template ဖြည့်သွင်းနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေအား တင်ပြခြင်း**

နည်းပညာတာဝန်ခံက တင်ပြရာ၌ ဒေတာကောက်ယူရရှိမှုနှင့်လက်ရှိအခြေအနေများအား တင်ပြရာ၌ Draft inception Report ထွက်ပြီးနောက် ကုမ္ပဏီများမှ ဒေတာဖြည့်သွင်းနိုင်ရန် စာတင်ခဲ့ကြောင်း၊ အချို့ ကုမ္ပဏီများက နားလည်မှုနည်းနေသဖြင့် တွေ့ဆုံဆွေးနွေးခွင့်တောင်းခဲ့သော်လည်း တွေ့ခွင့်မရခဲ့ကြောင်း၊ ၁၄-၇-၂၀၂၀ ရက်နေ့မှ စာထပ်ပေးပို့ခဲ့ကြောင်း၊ အချို့ကုမ္ပဏီတွေကတော့ ယုံကြည်မှု လျော့နည်းနေသေးကြောင်း၊ BOD အချို့ကလည်း မပေးချင်တာများရှိနေကြောင်း၊ ဌာနက တရားဝင်တောင်းခံသည့်စာရရင် ပိုအဆင်ပြေမည်ဟု ပြောကြကြောင်း၊ OGPD ဘက်က စာထွက်ပေးကြောင်း၊ သို့သော် ဒေတာဖြည့်ပြီး ပေးလာခြင်းမရှိသေးကြောင်း၊ company 32 ခု Template မဖြည့်တာရှိကြောင်း၊ ညွှန်ကြားရေးမှူးချုပ်၊ ရေနံနှင့်သဘာဝ ဓာတ်ငွေ့စီမံရေးဦးစီးဌာနသို့ အချက်အလက်များဖြည့်သွင်းရန်ကျန်ရှိနေသေးသည့်ကုမ္ပဏီ (၃၂) ခုမှ Reporting Template တွင် အချက်အလက်များ ဖြည့်သွင်းနိုင်ရေးညှိနှိုင်း ဆောင်ရွက် ပေးပါရန်တင်ပြစာအား ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၄) ရက်နေ့တွင် ထပ်မံပေးပို့ခဲ့ကြောင်း၊ OGPD မှ MOGE သို့ ကုမ္ပဏီများမှ အချက်အလက်များဖြည့်သွင်း ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးပါရန်ညွှန်ကြားစာကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၈) ရက်နေ့တွင် ပေးပို့ခဲ့ပြီး မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးသို့ မိတ္တူပေးပို့ခဲ့ကြောင်း၊ အချို့သောကုမ္ပဏီများမှ လုပ်ငန်းစဉ်အပေါ်ယုံကြည်မှု အားနည်းနေ သဖြင့် ဌာနသို့တင်ပြစာအား မိတ္တူ အနေဖြင့် ပေးပို့ခဲ့ပါသည်။ သို့သော်လည်း အချက် အလက်ဖြည့်သွင်း မှုမရှိခဲ့ပါကြောင်း၊

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၈) ရက်နေ့၌ New General ကုမ္ပဏီအားလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့၌ YCDC (အုတ်စက်၊ မှော်ဘီ) အားလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့၌ YCDC (ကတ္တရာ) အားလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၂) ရက်နေ့၌ Asia World Maltose အားလည်းကောင်း၊ အဆိုပါနေ့၌ပင် Godzilla တို့အားလည်းကောင်း ကုမ္ပဏီသို့ကိုယ်တိုင်လာရောက်၍ ရှင်းပြပေးရန် တောင်းဆိုခဲ့ပါသဖြင့် သွားရောက်ရှင်းလင်း တင်ပြခဲ့ပါကြောင်း၊ သို့သော် Godzilla company အား မိမိတို့မှ MEITI အကြောင်း နှင့် Reporting Template အကြောင်းသွားရောက်ရှင်းလင်းတင်ပြခဲ့သော်လည်း အချက်အလက်များ ဖြည့်သွင်းခဲ့ခြင်းမရှိပါကြောင်း စသဖြင့် တင်ပြခဲ့သည်။

အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ချိတ်ဆက်ပေးသည့်အတွက် ဌာနများနှင့် NCS တို့အား ကျေးဇူးတင်ကြောင်း၊ အပြစ်ပြောစရာမရှိကြောင်း၊ လောလောဆည် မဖြည့်သည့်ကုမ္ပဏီများကို အနီရောင်နှင့် မှတ်ချက်ပြလိုက်ပါက ပိုရှင်းလင်းမည်ဖြစ်ကြောင်း၊

Standard Reporting Template နှင့်စပ်လျဉ်း၍ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ Commodity Trading Report တွင်အသုံးပြုသည့် Template အတိုင်း ယခင် Template များတွင် sale of state share နှင့် ပတ်သက်ပြီး buyer information ၊ payment date ၊ contract type စသည့်အချက်အလက်များ ဖြည့်သွင်း၍ ဌာနများသို့ မျှဝေပေး သွားမည်ဖြစ်ကြောင်း၊ ဌာနများအနေဖြင့် သဘောထားမှတ်ချက်များ ပြန်ကြားနိုင်ကြောင်း စသဖြင့်တင်ပြခဲ့ သည်။

Data collection timeline နှင့်ပတ်သက်ပြီး MGE အနေဖြင့် တစ်လအချိန်ယူမည်ဖြစ်ကြောင်း၊ ကုမ္ပဏီများ အလွန်များပြားသဖြင့် ယခင်ကတည်းက Template များ ကြိုပို့ရန် တောင်းဆိုထားကြောင်း စသဖြင့် အစိုးရကိုယ် စားလှယ်က ဆွေးနွေးခဲ့သည်။ သတ္တုတွင်းဦးစီးဌာန (DOM) ကလည်း ယခုလကုန်လောက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ကျောက်မျက်ကဏ္ဍ အစိုးရကိုယ်စားလှယ်က template ကို စောစောပို့မှ အဆင်ပြေမည်ဖြစ်ကြောင်း၊ ကုမ္ပဏီ ၁၀၀၀ ကျော်ရှိသဖြင့် ၂ လ လောက်အချိန်ယူမှ ဖြစ်မည်ဖြစ်ကြောင်း၊ အခြားကိုယ်စားလှယ်ကလည်း ဒေတာ များရှိကြောင်း၊ ကုမ္ပဏီအရမ်းများသဖြင့် အချိန်တစ်လဖြင့် မရနိုင်ကြောင်း၊ (၆) လကာလအတွက် ကုမ္ပဏီ ၁၁၀၀ ကျော်ရှိကြောင်း၊ အလွန်များပြားသဖြင့် (၁) လနှင့် မပြီးနိုင်ကြောင်း ဆွေးနွေးခဲ့သည်။

အရပ်ဘက်ကိုယ်စားလှယ်ကလည်း ဒေတာဖြည့်သွင်း၍ ပြီးသလောက် ခွဲ၍ ပို့ပေးရန် တောင်းဆိုခဲ့ပြီး OAG သို့ ပြီးသလောက်ခွဲပြီး ပေးပို့စေချင်ကြောင်း၊ Template Update လုပ်ရသဖြင့် အချိန်ကြန့်ကြာ ရခြင်းဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးခဲ့သည်။ စီမံကိန်းမန်နေဂျာကလည်း အနားကပ်မှ ပေးခြင်း မဟုတ်ပါကြောင်း၊ Secretariat နှင့်အပြန်အလှန်မှတ်ချက်ပေးရင်းနဲ့ အချိန်ယူလိုက်ရခြင်း ဖြစ်ကြောင်း၊ ဆရာတို့အနေဖြင့် ပြီးသလောက် ၂၀၀-၃၀၀ လောက်ခွဲပြီး ပေးပို့ပေးစေချင်ကြောင်း စသဖြင့် တင်ပြခဲ့ သည်။ အစိုးရကိုယ်စားလှယ်က အဆိုပါဆွေးနွေးမှုအပေါ် ကြိုးစား ဖြည့်သွင်းပြီး ခွဲ၍ ဖြည့်သွင်းကာ ပေးပို့လိုက်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

### ၅။ Project Level Reporting နှင့်ပတ်သက်၍ ဆွေးနွေးခြင်း

စီမံကိန်းမန်နေဂျာက ဆွေးနွေးတင်ပြရာ၌ ၂၀၁၇ ခုနှစ်၊ မတ်လ၌ ကျင်းပခဲ့သည့် EITI ဘုတ်အဖွဲ့ အစည်းအဝေးတွင် Project Level Reporting သည် လိုအပ်ချက်တစ်ခုဖြစ်ကြောင်းကို ထပ်လောင်း ပြောကြားခဲ့ပါကြောင်း၊ အမျိုးသားအဆင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှနေ၍ ပြည်တွင်းဥပဒေများ၊ စနစ်များနှင့် နိုင်ငံတကာ စံနှုန်းများနှင့် ကိုက်ညီသည့် Project ၏ အချိန်ကာလဆိုင်ရာ အနက်အဓိပ္ပါယ်ကို ဖွင့်ဆိုပေးရန် လိုအပ်ကြောင်းပြောကြားခဲ့ပါကြောင်း၊ Project အလိုက် အစီရင်ခံခြင်းများသည် ၂၀၁၈ ခုနှစ်ဒီဇင်ဘာ (၃၁)ရက် တွင် ဘဏ္ဍာနှစ်ကုန်ဆုံးခြင်း သို့မဟုတ် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ(၃၁)ရက် နောက်ပိုင်းမှစ၍ လိုအပ်ကြောင်းပြောကြားခဲ့ပါကြောင်း၊

EITI စံနှုန်း ၄.၇ အမျိုးအစားလိုက်ခွဲခြားဖော်ပြမှုတွင် လိုအပ်ချက် အနေဖြင့် စီမံကိန်း၊ ကုမ္ပဏီ၊ အစိုးရဌာနဆိုင်ရာနှင့် အခွန်ဝင်ငွေစီးဆင်းမှုလမ်းကြောင်း တစ်ခုချင်းဆီအလိုက် EITI ဒေတာ အချက်အလက်များ ခွဲခြားဖော်ပြရန်၊ စီမံကိန်း အဓိပ္ပါယ်အားဖြင့် စာချုပ် လိုင်စင်၊ အငှားစာချုပ်၊ လုပ်ဆောင်ခွင့် သို့မဟုတ် အလားတူ ဥပဒေဆိုင်ရာ သဘောတူညီချက်တစ်ခုခြင့် ထိန်းကျောင်းအပ်သော လုပ်ငန်းလည်ပတ် ဆောင်ရွက်ချက်များဖြစ်ပြီးအစိုးရနှင့် ပေးချေမှုတာဝန်ရှိသော အခြေကို ဖြစ်ပေါ်စေသည့်အရာဟု ဖော်ပြထားကြောင်း၊ MSG ၏ တာဝန် အနေဖြင့် တစ်ခုထက်ပိုသည့် သဘောတူညီချက်များသည် တစ်ခုနှင့် တစ်ခု သိသာထင်ရှားစွာ ပတ်သတ်ဆက်နွယ်နေပါက မည်သည့် အရာများအား တစ်ခုတည်း ဖြစ်သော စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းတိကျစွာ ဖော်ထုတ်ပြီး မှတ်တမ်းတင်ရ မည်ဖြစ်ခြင်းဟု ဖော်ပြထားကြောင်း၊

အဆိုပါစံနှုန်း၌ သဘောတူညီချက်များ အဓိပ္ပါယ်တွင် သိသာထင်ရှားစွာ ပတ်သတ်ဆက်နွယ်နေသော သဘောတူညီချက်များဟု ဆိုရာတွင် လုပ်ငန်းပိုင်းဆိုင်ရာနှင့် ပထဝီအနေအထားဆိုင်ရာ ပေါင်းစပ် ဆက်စပ်နေသည့် စာချုပ်များ၊ လိုင်စင်များ၊ အငှားစာချုပ်များ သို့မဟုတ် လုပ်ဆောင်ခွင့်များ သို့မဟုတ် သိသာထင်ရှားသော အလားတူ သတ်မှတ်ချက်များ ပါဝင်သည့် အစိုးရနှင့် လက်မှတ် ထိုးထားသော၊ အစိုးရထံပေးချေရန် တာဝန်ရှိမှုများ ဖြစ်ပေါ်စေသော သက်ဆိုင်ရာ သဘောတူညီချက်များ အစုံအတွဲကို ဆိုလိုခြင်း၊ ထိန်းကျောင်းခြင်းနှင့်ပတ်သက်၍ သဘောတူညီချက် များအား တစ်ခုတည်းသော စာချုပ် စာတမ်း၊ အကျိုးတူပူးပေါင်းလုပ်ဆောင်မှု၊ ထုတ်လုပ်မှုမျှဝေခြင်း သဘောတူညီချက် သို့မဟုတ် အခြား အာဏာသက်ရောက်သော တရားဥပဒေဆိုင်ရာ သဘောတူညီချက်ဖြင့် ထိန်းကျောင်းနိုင်ခြင်းဟု လည်းကောင်း၊ ချွင်းချက်အခြေအနေအား စီမံကိန်းအဆင့်မဟုတ်ဘဲ အသင်းအဖွဲ့ဆိုင်ရာ အဆင့် ဖြစ်ပါက ကုမ္ပဏီသည် ယင်းအသင်းအဖွဲ့/ ဌာနဆိုင်ရာ အဆင့်တွင် ပေးချေမှုများကို ထုတ်ပြန် အသိပေး နိုင်ကြောင်းဟု သတ်မှတ်ဖော်ပြထားကြောင်း၊

ထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ အကောင်အထည်ဖော်သော နိုင်ငံများသည် EITI စံနှုန်းနှင့် သဘောတူညီ ထားသော နှစ်စဉ်အလိုက် လုပ်ငန်းအစီအစဉ် (၁.၅) တို့နှင့်အညီ သတင်းအချက်အလက် များကို ပုံမှန်နှင့် အချိန်မှန်ထုတ်ပြန်ရန်၊ အဆိုပါထုတ်ပြန်မှုတွင် MSG တာဝန်အနေဖြင့် သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့သည် EITI ထုတ်ပြန်အသိပေးမှုများမှ ခြုံငုံသော စာရင်းအင်းအချိန်ကာလအပေါ် သဘောတူညီမှု ပြုလုပ် သင့်ကြောင်း၊ အချိန်ဇယားအား ဒေတာအချက်အလက်သည် ဒုတိယအကြိမ်မှ နောက်ဆုံးဖြည့်သွင်း ထားသော စာရင်းအင်းကာလထက် မအိုဟောင်းရပါကြောင်း၊ ဥပမာ - ၂၀၁၈ ဘဏ္ဍာရေးနှစ်စာ ပါဝင်သော သတင်းအချက်များကို ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ (၃၁) ရက်နေ့ နောက်ဆုံးထားပြီး ထုတ်ပြန်ရမည်ဖြစ်ကြောင်း၊

လမ်းညွှန်ချက်အနေဖြင့် အဆင့် (၄) ဆင့်ရှိကြောင်း၊ အဆင့် (၁) "Project" ၏ အနက် အဓိပ္ပါယ် အောက်တွင် ဥပဒေဆိုင်ရာ သဘောတူညီချက်များအား ခွဲခြားဖော်ထုတ်ခြင်း၊ အဆင့် (၂) မည်သို့သော Revenue Streams မျိုးသည် သက်ဆိုင်ရာ Project အောက်တွင် အစီရင်ခံသင့်ကြောင်း ခွဲခြား ဖော်ထုတ်ခြင်း၊ အဆင့် (၃) မည်သူက မည်သည်ကို အစီရင်ခံသင့်ကြောင်း ခွဲခြားဖော်ထုတ်ခြင်း၊ အဆင့် (၄) Reporting Framework များနှင့် Templates များအပေါ်တွင် သဘောတူညီကြခြင်းတို့ဖြစ်ကြောင်း၊

ပထမဦးစွာ အဆင့် (၁) ၌ နိုင်ငံအတွင်းရှိ သယံဇာတတူးဖော်ထုတ်လုပ်ရေး ဆောင်ရွက်ချက်များကို မည်သို့သော ဥပဒေပြဋ္ဌာန်းချက်များဖြင့် ထိန်းချုပ်ပါနေသနည်း၊ သိသာထင်ရှားစွာ ပတ်သက် ဆက်နွယ် နေသော ဥပဒေအရ သဘောတူညီချက်များ ရှိ၊ မရှိ နှင့် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို မှတ်တမ်း တင်ထားရန်ဖြစ်ကြောင်း၊ အဆင့် (၂) ၌ သယံဇာတ တူးဖော်ထုတ်လုပ်ရေးတွင် ပေးချေရသည့် ပေးချေ ရမှုများအနက် မည်သည်တို့က Project အလိုက် ပေးချေရမည်၊ မည်သည်တို့က ကုမ္ပဏီ အလိုက် ပေးချေရမည်ဟု ပြဋ္ဌာန်းထားမှုများရှိ/မရှိ၊ Project အလိုက် ပေးချေရမှုများကို ထုတ်ဖော်ရန် အတွက် မည်သို့သော အခက်အခဲ၊ စိန်ခေါ်မှုများရှိနေသနည်း၊ အခွန်ဘဏ္ဍာများကို မည်သို့ အစီရင်ခံရမည်ဆိုသော တွေ့ရှိချက်များအတွက် မှတ်တမ်းတင်ခြင်းတို့ဖြစ်ကြောင်း၊

အဆင့် (၃) ၌ နိုင်ငံတွင်းတွင် ကုမ္ပဏီများ/ လူပုဂ္ဂိုလ်များပါဝင်သည့် Project များရှိပါသလား။ ရှိပါက မည်သူက အစိုးရထံသို့ ပေးချေမှုများကို ပြုလုပ်ပါသနည်း၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ သင့်နိုင်ငံတွင်ရှိ/မရှိ၊ ရှိပါက ၎င်းတို့သည် မည်သို့သော အခန်းကဏ္ဍတွင် ပါဝင်ပတ်သက်ပြီး ပေးချေမှု များနှင့် လက်ခံရရှိမှုများကို မည်ကဲ့သို့ ခွဲခြမ်းစိတ်ဖြာမှုများ ပြုလုပ်ပါသနည်း စသည်တို့ ပါဝင်ကြောင်း၊

အဆင့် (၄) ၌ Project ၏ အနက်အဓိပ္ပါယ်ကို MSG များမှနေ၍ အဆင့် (၁) ပါဖော်ပြချက် အတိုင်းလုပ်ဆောင်ပြီးနောက် အဆင့်(၂) တွင်ဖော်ပြထားခဲ့သည့် Project အလိုက်ပေးချေရမည့် ပေးချေရမှုများကို ခွဲခြမ်းစိတ်ဖြာခြင်း စသည်တို့ကို ကနဦးအနေဖြင့်လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ အထက်ဖော်ပြပါတို့ကို လုပ်ဆောင်ပြီးသည့်နောက် MSG သည် ရလဒ်ကိုထင်ဟပ်စေမည့် Reporting template များအပေါ် သဘောတူညီမှုများရယူပြီးသည်နှင့်တပြိုင်နက် စတင်ပြင်ဆင်ရန်လိုအပ်ကြောင်း၊ စသဖြင့် သတ်မှတ်ထားကြောင်း စသဖြင့် တင်ပြခဲ့ပြီး EITI secretariat ၏ နမူနာ Template ကိုလည်း တင်ပြခဲ့သည်။

လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း ယခင်အစီရင်ခံစာများတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ အနေဖြင့် စီမံကိန်းအလိုက် တင်ပြခဲ့သဖြင့် အခက်အခဲမရှိနိုင်ကြောင်းလည်း ဆွေးနွေးခဲ့သည်။

ထို့နောက် **"Project Level Reporting နှင့်ပတ်သက်၍ ၂၀၂၀ ဒီဇင်ဘာလတွင် အချိန်မီတင်သွင်း နိုင်ရန်အတွက် နောက်တစ်အကြိမ်အစည်းအဝေး၌ အသေးစိတ်ထပ်မံဆွေးနွေးရန်၊ လေ့လာရန် စာရွက်**

**စာတမ်းများအား NCS မှ ကြိုတင်မျှဝေပေးရန်နှင့်တတ်နိုင်သမျှ လူချင်းတွေ့ဆုံကျင်းပနိုင်ရန်အတွက် စီစဉ်ဖိတ်ကြားရန်"** စသဖြင့် ဆုံးဖြတ်ခဲ့သည်။

Standard Reporting Template နှင့်စပ်လျဉ်း၍ DOM မှတာဝန်ရှိသူက ပြန်ကြည့်ပြီး တင်ပေးမည် ဖြစ်ကြောင်း၊ ညွှန်ချုပ်လက်မှတ်ထိုး၍ ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း၊ MGE မှ တာဝန်ရှိသူက In-kind နှင့်ပတ်သက်ပြီး Buyer name ဖြည့်လို့မရကြောင်း၊ ပေးလို့မရသည့်ကိစ္စအား အရင်က ရှင်းထားပြီး ဖြစ်ကြောင်း တင်ပြခဲ့သည်။ ထို့နောက် အရပ်ဘက်ကိုယ်စားလှယ်ကလည်း ပေးလို့မရသည့် information ဘာကြောင့် ပေးလို့မရသည်ကို စာဖြင့် ပြန်ပေးရန်၊ ဝန်ကြီးဌာနက သက်ဆိုင်ရာသို့ NCS က ညှိနှိုင်း ဆောင်ရွက်ရန် ဆွေးနွေးခဲ့သည်။ ထို့နောက် **"မြန်မာဆိပ်ကမ်းအာဏာပိုင် (Myanmar Port Authority) အား Reporting template တွင် ထည့်သွင်းရန် ဆွေးနွေးခဲ့ကြပြီး Reporting template အား ထည့်သွင်းပြင်ဆင်ရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ စာရေးသားပေးပို့ရန်"** ဆွေးနွေးဆုံးဖြတ်ခဲ့သည်။ Reporting template အတွက် DGSE နှင့်အခြားဌာန များသို့ တရားဝင်စာဖြင့် ပို့ရန်အတွက် DOM မှ ကူညီညှိနှိုင်း၍ စာပေးပို့ရန် ဆွေးနွေးခဲ့ကြသည်။

## နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီ

## အစည်းအဝေးဆုံးဖြတ်ချက်များ

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် (၅) ရက် Online

| စဉ် | ဆွေးနွေးဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်သူ | ဆောင်ရွက်မည့် အချိန် |
|---|---|---|---|
| ၁ | Commodity Trading Report အတွက် Reporting Template မဖြည့်သွင်းသည့်ကုမ္ပဏီများအား အစီရင်ခံစာတွင်အနီရောင်ဖြင့် မှတ်ချက်ပြ၍ ဖော်ပြရန် | IA | |
| ၂ | MEITI Standard Reporting Template နှင့်စပ်လျဉ်း၍ တင်ပြရာ၌ Sale of State Share နှင့်ပတ်သက်ပြီး Template အား Commodity trading report တောင်းခံရာတွင် အသုံးပြုသည့်အတိုင်း buyer information, Revenue receive, commodity type, contract type, payment date စသည်တို့ပါဝင်၍ ပြင်ဆင်ထားသည့် ပုံစံအား သဘောတူသည်။<br>• Update Template အား သက်ဆိုင်ရာဌာနများသို့ ပြန်လည်မျှဝေပေးရန် | T&R sub-committee, NCS, MGE, DOM | |

| | | | |
|---|---|---|---|
| | • MGE အနေဖြင့် Buyer information အား မပေးနိုင်သည့်အကြောင်းရင်းအား NCS သို့ တရားဝင်စာပေးပို့ရန်<br>• DOM အနေဖြင့် သတ္တုကဏ္ဍအတွက် ပါဝင်သည့်အစိုးရဌာန/အဖွဲ့အစည်းများအား Reporting Template ဖြည့်သွင်းနိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်ပေးရန် | | |
| ၃ | 6th MEITI Summary Report (Mini Budget) အတွက် Reporting Template များ အား ဖြည့်သွင်းရန်အတွက် Update Reporting Template များအား သက်ဆိုင်ရာဌာနများသို့ NCS မှ ၆-၈-၂၀၂၀ ရက်နေ့တွင် စာဖြင့် ပူးတွဲ ပေးပို့ရန် -<br>• အထက်ပါ 6th MEITI Summary Report (Mini Budget) သည် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလကုန်တွင် အပြီးသတ်တင်သွင်းရမည်ဖြစ်သောကြောင့် အချိန်အခက်အခဲရှိသည့်အတွက် ကုမ္ပဏီများပြားသည့် MGE အနေဖြင့် ဖြည့်သွင်းထားသည့် Template များအား OAG မှ ထပ်ချုပ်စိစစ်ရန်အတွက် အချိန် (၂) လ ယူမည်ဖြစ်သဖြင့် တတ်နိုင်သမျှ OAG သို့ သုံးကြိမ်ခွဲ၍ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ပထမအပတ်အမီ ပေးပို့ပေးရန်<br><br>• ကျန်သည့်ဌာနများအနေဖြင့် ဩဂုတ်လကုန်နောက်ဆုံးထား၍ OAG သို့ ပေးပို့ပေးရန်နှင့် NCS သို့ မိတ္တူပေးရန် | NCS, Related Departments | |
| ၄ | 6th MEITI Summary Report (Mini Budget) အတွက် Reporting Template များအား ထပ်ချုပ်စီစစ်ရန် (Verification) အတွက် NCS မှ OAG သို့ စာရေးသားပေးပို့ရန် | NCS | |
| ၅ | Project Level Reporting နှင့်ပတ်သက်၍ ၂၀၂၀ ဒီဇင်ဘာလတွင် အချိန်မီတင်သွင်းနိုင်ရန်အတွက် နောက်တစ်ကြိမ်အစည်းအဝေး၌ အသေးစိတ်ထပ်မံဆွေးနွေးရန်<br>• လေ့လာရန် စာရွက်စာတမ်းများအား NCS မှ ကြိုတင်မျှဝေပေးရန်<br>• တတ်နိုင်သမျှ လူချင်းတွေ့ဆုံကျင်းပနိုင်ရန်အတွက် စီစဉ်ဖိတ်ကြားရန် | T&R sub-committee | ဩဂုတ်လ ဒုတိယအပတ် |
| ၆ | မြန်မာဆိပ်ကမ်းအာဏာပိုင် (Myanmar Port Authority) အတွက် Reporting template အား ထည့်သွင်းပြင်ဆင်ရန်အတွက် ပို့ဆောင်ရေးနှင့် | NCS | |

| | | | |
|---|---|---|---|
| | ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ စာရေးသားပေးပို့ရန် | | |

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: communication@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

နောက်ဆက်တွဲ (၁) အစည်းအဝေးတက်ရောက်သူများ

| စဉ် | အမည် | ရာထူး/တာဝန် | ဌာန |
|---|---|---|---|
| အစိုးရကဏ္ဍ | | | |
| ၁ | ဦးကျော်ဇောထွန်း | AD | DOM |
| ၂ | ဒေါ်ကြူကြူဝင်း | AGM | MGE |
| ၃ | ဦးရွှေဝင်း | AGM | MGE |
| လုပ်ငန်းရှင်ကဏ္ဍ | | | |
| ၄ | ဦးစိုးမော် | Chair | MFPTMA |
| ၅ | ဒေါ်မေသက်စုဦး | PSC and Partner Reporting Supervisor | TOTAL E&P Myanmar |
| ၆ | ဦးသန့်ဇင်ဦး | EC | MFMA |
| အရပ်ဘက်ကဏ္ဍ | | | |
| ၇ | ဒေါ်မိုးမိုးထွန်း | MSG | MATA |
| ၈ | ဦးဘုန်းပြည့်ကြွယ် | PC | MATA |
| MOBD | | | |
| ၉ | ဒေါ်ခင်ပပခိုင် | ဒုတိယညွှန်ကြားရေးမှူး | MOBD |
| ၁၀ | ဒေါ်မေဆုမွန်အောင် | ဦးစီးအရာရှိ | MOBD |
| ၁၁ | ဒေါ်အိပိုင်ဖြိုး | စိစစ်ရေးမှူး-၂ | MOBD |
| ဖိတ်ကြားထားသည့် ဌာနဆိုင်ရာများ | | | |
| ၁၂ | ဦးမြင့်သူ | GM | MPE |
| ၁၃ | ဦးဝင်းအောင်ညို | Director | IRD |
| ၁၄ | ဒေါ်မြတ်သီရိ | ဦးစီးအရာရှိ | IRD |
| ၁၅ | ဦးစိုးသူဝင်း | ဦးစီးအရာရှိ | OGPD |
| ၁၆ | ဒေါ်မိမိကျော် | AGM | ME1 |
| ၁၇ | ဦးရဲမျိုးမင်း | AGM | ME2 |
| ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ | | | |
| ၁၈ | ဒေါ်တင်ဇာထွန်း | Consultant | World Bank |
| ၁၉ | ဒေါ်သီသီဟန် | Consultant | Word Bank |
| ၂၀ | ဒေါ်တာရာမောင် | | Nathan Associates |
| MEITI-NCS | | | |

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: communication@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

| | | | |
|---|---|---|---|
| ၂၁ | ဒေါ်နှင်းထက်ထက်အောင် | Program Manager | MEITI-NCS |
| ၂၂ | ဦးကျော်သင်းမောင် | Program Assistant | MEITI-NCS |
| ၂၃ | ဦးနေမင်းမောင် | Technical Coordinator | MEITI-NCS |
| ၂၄ | ဦးဟိန်းထက်စိုး | Technical Officer | MEITI-NCS |
| ၂၅ | ဦးဖွဲ့စည်သူအောင် | BO Coordinator | MEITI-NCS |
| ၂၆ | ဒေါ်ထက်နန္ဒာအောင် | Sr. Communication Officer | MEITI-NCS |
| ၂၇ | ဦးဇင်ကိုကိုအောင် | Communication Officer | MEITI-NCS |
| ၂၈ | ဦးစိုးသီဟနိုင် | Admin Officer | MEITI-NCS |
| ၂၉ | ဦးတက်ထွန်းဆိုင် | Admin Assistant | MEITI-NCS |
| ၃၀ | ဦးမောင်မောင်မြင့်လွင် | IT Technician | MEITI-NCS |

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: communication@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org